# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 6, 2019 Volume 16, Number 4


### ၆.၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/ကျပ် |
| CBM Rate | = ၁၅၂၃.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၅.၃ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၀.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၅.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၆၀ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၄၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၂၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၇၈၂ကျပ် |

## ပြည်တွင်း၌ ကြယ်ပဲတန်ဖိုးမြှင့်ထုတ်ကုန်စက်ရုံ တည်ဆောက်မည်



ပြည်တွင်း၌ ကြယ်ပဲမှတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်စက်ရုံကို တည်ထောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြယ်ပဲစိုက်ပျိုး ထုတ်လုပ်သူများအသင်း နာယက ဦးဖေသိန်းထံကသိရသည်။

ပြည်တွင်း၌ အဆင့်မြှင့်ကြယ်ပဲထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် စက်ရုံ တည်ဆောက်ရန် ထိုင်းနိုင်ငံကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်၍လုပ်ဆောင်နေကြောင်း သိရသည်။

အထက်မြန်မာပြည်ဘက်မှာ စက်ရုံတည်ဆောက်ဖို့အတွက် ထိုင်းကုမ္ပဏီနဲ့ဆွေးနွေးထားပြီးဖြစ်ကြောင်းနဲ့ တည်ဆောက်ဖို့အကြောင်းပြန်တာကိုစောင့်နေကြောင်း ဦးဖေသိန်းကပြောသည်။ ကြယ်ပဲစက်ရုံ တည်ဆောက်နိုင်မည်ဆိုပါက ပြည်တွင်းမှထွက်ရှိသည့် ကြယ်ပဲသီးနံများကို ၎င်းစက်ရုံတွင် အဆင့်မြှင့်ကုန်ချော ထုတ်လုပ်မှုများပြုလုပ်ပြီး ဈေးကွက်အတွင်း ပြန်လည်ဖြန့်ချီနိုင်မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ကြယ်ပဲကို ထိုင်းနိုင်ငံနှင့် ကိုးရီးယားနိုင်ငံတို့မှ အများဆုံးဝယ်ယူလျက်ရှိပြီး၊ ကြည်ပဲမှ စားသောက်ကုန်၊ ခေါင်းလျှော်ရည်စသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နေကြောင်းသိရသည်။

၂ Source: http://www.amiamyanmar.com/detail.aspx?id=5816&fbclid=IwAR 3iCwux ZeTfYHZWFRJDjG6L-c0ZdRImG2WhHdatY8w09 lKscUACfC1Anmw


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မကွေးဒေသဇီးသီး(ဆီးသီး)ဈေးကွက်ကောင်း၍ ဇီးစိုက်တောင်သူများအဆင်ပြေ

မကွေးဒေသတွင်း၌ ဇီးသီး(ဆီးသီး)အစို ၊ အခြောက်နှင့်ဇီးဆံဈေးများ ဈေးကောင်းရနေပြီး၊ ပြီးခဲ့သည့် မိုးရာသီက မိုးခေါင်မှုကြောင့် ဇီးသီးအထွက်နှုန်းလျော့ကျမှုများရှိခဲ့သော်လည်း ဈေးကွက်ကြောင့်တွက်ချေကိုက်အဆင်ပြေကြောင်း စိုက်ပျိုးတောင်သူများထံမှသိရသည်။



ဇီးသီးအခြောက်တစ်တင်း ၃၂၀၀ ၊ အစိုတစ်တင်း၂၆၀၀ ၊ ဇီးဆံတစ်ပိဿာ ၁၄၀၀၀ ဝန်းကျင်ခန့်ဖြင့် အဝယ်ဒိုင်များမှ ဝယ်ယူနေပြီး ပြီးခဲ့သည့်နှစ်ကထက် ငွေကျပ် ၅၀၀ ခန့် ဈေးပိုရကြောင်း ၊ မကွေးမြို့ရှိပွဲရုံများသို့ မကွေး၊ တောင်တွင်းကြီး၊ မင်းလှမြို့နယ်များအတွင်းရှိ ကျေးရွာများမှ လာရောက်ရောင်းချမှုများရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြီးခဲ့တဲ့နှစ်က မိုးနည်းတော့ အထွက်တော့သိပ်မကောင်းဘူး ။ ရေတင်စိုက်ရတဲ့နေရာမျိုးဆိုရင်တော့ အထွက်ပိုကောင်းမှာပေါ့ ဈေးကတော့ ဒီနှစ်အကောင်းဆုံးပဲ။ ဈေးလေးကယ်လို့အဆင်ပြေသွားတယ်ဟု ဇီးစိုက်တောင်သူတစ်ဦးကပြောပြသည်။ ဒီဇင်ဘာ ၁၅ရက်မှ မေလကုန်ထိ ဇီးသီးရောင်းဝယ်မှုလုပ်ငန်းတွင်ကျယ်ပြီး ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလများမှာ အရောင်းအဝယ်အသွက်ဆုံးလများဖြစ်ကြောင်း ၊ ဇီးသီးအဆံကို တရုတ်ပြည်သို့တင်ပို့သည်ဟုသိရပြီး မကွေးဒေသ ကုန် သည်များအနေဖြင့် မန္တလေးမြို့သို့သာ တင်ပို့ရောင်းချကြကြောင်း အရောင်းအဝယ်လုပ်ငန်းသမားများထံမှသိရသည်။

ဆီးသီး(ဇီးသီး)ကို သဘာဝအသားအရေထိန်းသိမ်းခြင်းအတွက် အသုံးပြုနိုင်ပြီး အရသာခံစားသုံးရန်သာမက ဓါတ်စာအဖြစ်လည်း စားသုံးသင့်ကြောင်း ၊ ဆီးသီးစားသုံးခြင်းဖြင့် မှတ်ဉာဏ်စွမ်းအား တိုးတက်ခြင်း ၊ အယ်လ်ဇိုင်းမား ၊ ကင်ဆာ ၊ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှု ၊ သွေးဆုံးပြီးအမျိုးသမီးများ အရိုးကြွတ်ဆတ် /အရိုးပွမှုတို့ကို ကာကွယ်ပေးခြင်း ၊ အမျိုးသားများ၏ မျိုးပွားအင်္ဂါ ခုခံအားစံနှစ်လုပ်ဆောင်မှုများကောင်းမွန်ခြင်း အကျိုးကျေးဇူးများရနိုင်ကြောင်း နားလည်တတ်ကျွမ်းသူများထံမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ဝဥအခြောက်ခံစက်ရုံတည်ထောင်ရန် ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်သွားမည်

ချင်းပြည်နယ်အတွင်း ဝဥအခြောက်ခံစက်ရုံ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရာတွင် ပြည်ပကုမ္ပဏီများမှ စိတ်ဝင်စားလျက်ရှိပြီး ယင်းစက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏအဖြစ် အမေရိကန်ဒေါ်လာ ၁ မီလီယံလျာထားကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

နေပြည်တော်ရှိ MICC - 2 တွင် ဇန်နဝါရီလ ၂၈ ရက်နှင့် ၂၉ ရက်က ကျင်းပပြုလုပ်ခဲ့သည့် Invest Myanmar Summit 2019 တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခဲ့ရာ UK၊ တရုတ်၊ ထိုင်းနှင့် ဂျပန်အစရှိသည့်နိုင်ငံများမှ စိတ်ဝင်စားသည့်ကုမ္ပဏီများရှိခြင်းကြောင့် ယင်းကုမ္ပဏီများနှင့် အသေးစိတ်ထပ်မံ၍ ဆွေးနွေးရမည်ဖြစ်ကြောင်းသိရသည်။ UK က ဆိုရင်တော့ နှစ်ဖွဲ့၊ သုံးဖွဲ့လောက်ပြောထားတယ်။ စက်ရုံအတွက် မြေနေရာစပြီးတော့ရှာနေပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့လည်းပြောထားကြောင်း၊ သူတို့ကတော့ လျှပ်စစ်မီးရဖို့ကူညီပေးမယ်လို့ပြောပါတယ်။ လာမဲ့ရာသီမှာ စတင်နိုင်အောင်တော့ကြိုးစားနေကြောင်း၊ စက်ရုံကိုတော့ အောက်တိုဘာလောက်အပြီးတည်ထားရမှာဖြစ်ကြောင်း၊ နိုဝင်ဘာလောက်ဆိုရင် စပြီးတော့စက်ရုံကလည်ပတ်ရမှာဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးကျော်သူကပြောသည်။

ရန်ကုန်မြို့တွင် မတ်လအတွင်း၌ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကိုလည်း ကျင်းပြုလုပ်သွားမည်ဖြစ်ခြင်းကြောင့် ယင်းဖိုရမ်၌လည်း ဝဥအခြောက်ခံစက်ရုံ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်းနှင့်ပတ်သက်၍ ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

ချင်းပြည်နယ်တွင် အဓိကစိုက်ပျိုးရေးသီးနှံအနေဖြင့် ဝဥကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး ကန်ပတ်လက်မြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့မှ ဝဥထွက်ရှိမှုသည် ပိဿာချိန်ပေါင်း ၁၀ သိန်းအထက်ထွက်ရှိခြင်းဖြစ်ပြီး ချင်းပြည်နယ်မြောက်ပိုင်းတွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ စက်ရုံအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ ကုန်ကျစရိတ်ကို အမေရိကန်ဒေါ်လာ ၁ မီလီယံလောက် မှန်းထားပါကြောင်း၊ ချင်းပြည်နယ်မှာရှိတဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေပါဝင်တဲ့ ကုမ္ပဏီတွေနဲ့ လုပ်သွားမှာဖြစ်ကြောင်း၊ သစ်သီးဝလံအသင်းက ကြားထဲကနေ Organize လုပ်တာဖြစ်ကြောင်း၊ အရင်ဆုံး UK နဲ့ကတော့ ဖြစ်နိုင်ခြေရှိကြောင်း ဦးကျော်သူကပြောသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဝဥကို တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံမှ အဓိကဝယ်ယူနေခြင်းကြောင့် ဝဥအခြောက်ခံစက်တည်ဆောက်ပြီးစီးပါက အဆိုပါစက်ရုံမှထွက်ရှိသော ဝဥအခြောက်များကိုလည်း ယင်းနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။ ဝဥသည် မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးထုတ်လုပ်ရရှိသော သီးနှံအမျိုးအစားဖြစ်ပြီး ချင်းပြည်နယ်အပြင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး တို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်လည်း ဝဥအခြောက်ခံစက်ရုံ ၇ ရှိပြီး ယင်းစက်ရုံများမှာ မန္တလေးတိုင်းဒေသကြီး၌ စက်ရုံ ၃ ရုံ၊ မွန်ပြည်နယ်၌ စက်ရုံတစ်ရုံ၊ မြဝတီမြို့နယ်၌ စက်ရုံတစ်ရုံနှင့် ရေးမြို့နယ်၌ စက်ရုံ ၂ ရုံရှိကာ ချင်းပြည်နယ်၏ အခြားထွက်ကုန်များဖြစ်သော ထောပတ်၊ ကော်ဖီနှင့်လက်ဖက်ကိုလည်း ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/posts/2054835877942622?__tn__=K-R

## မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသည့် ဆေးရွက်ကြီးစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်း၍ဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံပေါ်ကျေးရွာ၊ သူကောင်းတည်ကျေးရွာ၊ ကတောကျေးရွာ၊ အထက်ညဦ့ကျေးရွာများမှဒေသခံတောင်သူများသည် မြေအောက်ရေအသုံးပြု၍စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး သီးနှံအမျိုးမျိုးစိုက်ပျိုးလျှက်ရှိရာ ဗမာဆေးရွက်ကြီးများ အောင်မြင်ဖြစ်ထွန်းလျက် ဈေးကောင်းရရှိနေကြောင်းသိရသည်။ ကျေးရွာတွေက အစဉ်အဆက်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လာကြတာဖြစ်ပြီး မြေအောက်ရေကို အသုံးပြုစိုက်ပျိုးလာကြတာ ရာသီအလိုက်စိုက်ပျိုးလုပ်ကိုင်နေသော ကျေးရွာများဖြစ်သည်နှင့်အညီ ယခုအခါ မြန်မာဆေးရွက်ကြီးခေါ် ဗမာဆေးရွက်ကြီးစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းလျက်ဈေးကောင်းရရှိနေကြသည်။ ဗမာဆေးရွက်ကြီးများကို ဂါဆို၊ ဂါခေါင်လများတွင်ပျိုးစတင်ထောင်ကြပြီး ပျိုးထောင်ချိန်မှအပင်ပေါက်ချိန်အထိ နှစ်လခန့်ကြာမြင့်ကြောင်း တော်သလင်းလ၊ သီတင်းကျွတ်လတွင် အပင်ခွဲစိုက်ကြပြီး ရေသွင်း၊ပေါင်းသင်၊ မြေတောင်မြှောက်ပေးနေရကာ အပင်ကြီးထွားလာချိန်အရွက်များအသားတင်လာစေရန် အပင်အခြေအနေပေါ် မူတည်ပြီး ခေါင်ညှနိ့်ချိုးပေးရသည်။ အောက်ဆုံးအရွက်ရင့်မှစကာ နှစ်ရက် သို့မဟုတ် သုံးရက်ခြားကာ အရွက်များစတင်ခူးရပြီး ခူးပြီးသည့်အရွက်များ အစိုတစ်ပိဿာကျပ် ၈၀၀၊ အစိုမရောင်းချင်လျှင် အခြောက်ရောင်းချကြောင်း၊ အခြောက်လှန်းရန်အတွက် ကွင်းပြင်ကျယ်လိုအပ်ကာ ကွင်းပြင်ကျယ်တွင် ဆေးရွက်ကြီး အရွက်များတရွက်ခြင်း ဖြန့်ခင်းနေလှန်းအခြောက်ခံရသည်။ ဗမာဆေးရွက်ကြီး အခြောက်တစ်ပိဿာလျှင် ၃၅၀၀ ကျပ်ရောင်းချရကြောင်းသိရသည်။ တပေါင်း၊တန်ခူးလတို့တွင် ဆေးရွက်ကြီးလုပ်ငန်းသိမ်းကြပြီး ဂါးပိုများ ၊ ဂါးပုတ်များဖြင့်တစ်ရွက်ခြင်း ထပ်ပြီးပြီးလှောင်ကြထားသည်။ ဆေးရွက်ကြီးပွဲစားများ ဆင်းဝယ်ချိန်ဈေးနှုန်းရရှိကာ လုံးကြီးခဲကြီးငွေရရှိသောကြောင့် ဆေးရွက်ကြီးစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း ဒေသခံဆေးရွက်ကြီးစိုက် တောင်သူများကပြောပြသည်။ ဆေးရွက်ကြီးစိုက်တောင်သူများ ယခုနှစ်တွင် ညောင်ဦး-မြင်းခြံလမ်းဘေး ဂဲယာတွင် အမြောက်အများစိုက်ပျိုးထားကာ အောင်မြင်ဖြစ်ထွန်းနေကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/posts/2054835877942622?_tn_=K-R

## မွန်ပြည်နယ်တွင် ကိုရီးယားစက်မှုဇုန်နှင့် ရော်ဘာမြို့တော် ဖော်ဆောင်မည်ဟုဆို

စက်မှုဇုန်နှင့် မြေဧက ၃၇၀ ခန့်တွင် ရော်ဘာမြို့တော် တည်ထောင်မည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံကပြောသည်။ ကိုရီးယားစက်မှုဇုန်ဖွံ့ဖြိုးရေးစီမံချက်သည် သထုံနယ်မြေ၊ စစ်တောင်းစက်မှုနယ်မြေနှင့်ရော်ဘာမြို့တော်ကို မုဒုံမြို့နယ်တွင် အကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ကပြောသည်။ မွန်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံရင် အခွန်ကင်းလွတ်ခွင့်နဲ့ မြေငှားရမ်းခဈေးချိုမည်၊ ထိုင်းနဲ့နီးလို့ ကုန်ကြမ်းတွေဈေးသက်သာတယ်။ အရှေ့-အနောက်စီးပွားရေးစင်္ကြံအနီးကပ်မှာရှိတယ်။ သဘာဝဘေးကင်းတယ်ဟု ဒေါက်တာအေးဇံကပြောသည်။

ကိုရီးယားစက်မှုဇုန်သည် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၆၅ ဘီလီယံကျော်ဖြစ်ပြီး ၂၀၂၂ တွင် စီမံကိန်းပြီးဆုံးမည်ဟုဆိုသည်။ စက်မှုဇုန်အတွက် လျှပ်စစ်မီးကို ၂၄ နာရီ ဗို့အားအပြည့်အဝ ပေးနိုင်ပြီး အကြီးစားစက်မှုဇုန်အဖြစ် ရည်ရွယ်လုပ်ငန်းဖော်ခြင်းဖြစ်၍ မြေဈေးများထပ်မံတိုးချဲ့ရန်လည်း စီစဉ်ထားသည်ဟု ဒေါက်တာအေးဇံကပြောသည်။

ရော်ဘာမြို့တော်မှာ မွန်ပြည်နယ်ရှိ ကုန်ကြမ်းများဖြင့် လက်အိတ်မှ ကားတာယာအထိထုတ်လုပ်ရန် ရည်ရွယ်သည်ဟု ဝန်ကြီးချုပ်ကပြောသည်။ မွန်ပြည်နယ်တွင် ရော်ဘာ စိုက်ဧကေါ်းသိန်းရှိပြီး သုံးသိန်းမှာ အစေးခြစ်နေသည့်ဧကများဖြစ်သည်ဟု ဝန်ကြီးချုပ်ကပြောသည်။ ထိုကုန်ကြမ်းများကိုအသုံးပြုရန် ရင်းနှီးမြှုပ်နှံပါက မြေကိုဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းပေးမည်ဟုဆိုသည်။ မွန်ပြည်နယ်သည် လူဦးရေ ၂ ဒသမ ၂ သန်းရှိပြီး အလုပ်လုပ်နိုင်သည့် လူဦးရေ ၄၃ရာခိုင်နှုန်းကျော်ရှိသည်။ မွန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံပါကအစိုးရက အခွန်ကင်းလွတ်ခွင့်ခုနစ်နှစ်အထိပေးထားသည်။

**Source:** http://7daydaily.com/story/148965

## ငါးမွေးတောင်သူအချင်းချင်း နည်းပညာဖလှယ်မှုအောင်မြင်

အမေရိကန်ဒေါ်လာ လေးသန်းခန့်နဲ့ အကောင်အထည်ဖော်ခဲ့တဲ့ အပူပိုင်းဇုန်ကျေးလက်လူနေမှုဘဝမြှင့်တင်ရေး အသေးစားရေနေသတ္တဝါမွေးမြူရေးဖွံ့ဖြိုးမှုစီမံကိန်းဟာ ဖေဖော်ဝါရီလမှာပြီးဆုံးမှာဖြစ်ပြီး ငါးမွေးတောင်သူအချင်းချင်းနည်းပညာဖလှယ်မှုအပိုင်းမှာ အောင်မြင်မှုရခဲ့တယ်လို့ ငါးလုပ်ငန်းဦးစီးဌာနကသိရပါတယ်။

ငါးလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် ငါးလုပ်ငန်းစခန်း ၂၇ ခုကို ထောက်ပံ့ပေးတာတွေနဲ့ ငါးစခန်းမှာလိုအပ်တဲ့ မိုက်ခရိုစကုပ်တွေ စတာတွေကို သည်စီမံကိန်းကထောက်ပံ့ပေးလို့ ငါးလုပ်ငန်းဦးစီးဌာနအတွက်တော့ များစွာအကျိုးရှိတယ်လို့ သိရပါတယ်။

နောက်နှစ်တွေမှာ JICA နဲ့ ပူးပေါင်းပြီး အသေးစားငါးမွေးမြူရေးတွေ ဖွံ့ဖြိုးဖို့ဆက်ပြီးဆောင်ရွက်သွားမယ်လို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးကပြောပါတယ်။ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စီမံကိန်းလုပ်ဆောင်တဲ့ ကာလတစ်လျှောက် အမာခံငါးမွေးတောင်သူဦးရေ တော်တော်များများဖွဲ့စည်းထားနိုင်ပြီး၊ အဲဒီအဖွဲ့တွေမှ အမှီခိုကင်းစွာ ငါးသားပေါက်ထုတ်လုပ်နိုင်ခြင်းနဲ့ သူတို့နေရာ ဝန်းကျင်ရှိ အသေးစား တစ်ပိုင်တစ်နိုင် ငါးမွေးလိုသူတွေအတွက် ပညာပေးလုပ်ငန်းတွေမှာ ဦးဆောင် ဦးရွက်ပြုပေး နိုင်ပြီဖြစ်တယ်" လို့ ကြားသိရကြောင်း ပြောပါတယ်။

ငါးမွေးမြူရေးလုပ်ဆောင်တာကြောင့် မိသားစုအတွင်း ဝင်ငွေတိုးစေတဲ့အပြင်အသက်မွေးဝမ်း ကျောင်းအပေါ် အထောက်အကူပြုပေးနိုင်တဲ့ အကျိုးကျေးဇူးတွေလည်း ရရှိနိုင်တယ်လို့သိရပါ တယ်။ ဒီစီမံကိန်းကို ၂၀၁၄ ခုနှစ်မှာ ငါးနှစ်တာစီမံကိန်းအဖြစ် JICA ကျွမ်းကျင်ပညာရှင်တွေနဲ့ ငါးလုပ်ငန်းဦးစီးဌာနမှ အရာရှိတွေပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

စီမံကိန်းသတ်မှတ်ဧရိယာတွေအနေနဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဇုန်မှာပါဝင်တဲ့ မန္တလေး၊ စစ်ကိုင်းနဲ့ မကွေးတိုင်းဒေသကြီးတို့ဖြစ်ပါတယ်။ ဒီဒေသတွေမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ခက်ခဲတာကြောင့်နဲ့ ရာသီဥတုဖောက်ပြန်ကာ စိုက်ပျိုးရေးထုတ်ကုန်ကျဆင်းတာကြောင့် ဒီကိစ္စတွေကိုကျော်လွန်ပြီး ဒေသခံတွေရဲ့နေထိုင်မှု လုံခြုံစေရေးနဲ့ ထိရောက်မှုရှိတဲ့ အစီအမံတွေ ချမှတ်လုပ်ဆောင်နေတာဖြစ်ပါတယ်။

**Source:** WWW.KUMUDRANEWS.COM/NEWS-32203

## သရက်အရည်အသွေး ပညာပေးဆွေးနွေးဖို့စီစဉ်

သရက်အရည်အသွေးမြင့်မားဖို့နဲ့ ဒေသအလိုက် သရက် အရောင်အသွေး တူညီစေဖို့ ပညာပေးဆွေးနွေးမှုတွေ မကြာခင်မှာ ပြုလုပ်သွားဖို့ စီစဉ်နေတယ်လို့ မြန်မာ့ သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းကသိရပါတယ်။ မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း အတွင်းရေးမှူး ဦးကျော်စိုးနိုင် က ဒီရာသီဥတုအချိန်ပြောင်းပြီးသွားလို့ သီးကင်းဝင်လာ ရင်တော့ စပြီးပညာပေးလို့ရပြီ၊ အဲဒါလေးတော့ ပြင်ဆင်ထားတယ်၊ ခုအွန်လိုင်းပေါ်မှာလဲ တောင်သူတွေကို တော့ စပေးနေပြီး ဒီနှစ်မှာ အရည်အသွေးကိုဦးစားပေးဖို့ နောက်တစ် နယ်ထဲမှာပဲ ဒီအသီးကို တစ်သွေးတည်းတစ်သားတည်းဖြစ်စေချင်လို့ပြောပါတယ်။ နယ်စပ်ကုန်သွယ်ရေးက တစ်ဆင့် သရက်ပြည်ပတင်ပို့တဲ့ ဈေးကွက်ကို ပိုမိုထိန်းချုပ်နိုင်ဖို့ဆိုရင် တစ်ဦးချင်းတင်ပို့မှုထက် အမျိုးအစားတူသရက်သီးကို အစုအဖွဲ့အလိုက် အရေအတွက်များများတင်ပို့နိုင်ဖို့ လိုအပ်တယ်လို့ ၂၀၁၈ ခု ဩဂုတ်လက ကျင်းပခဲ့တဲ့ သရက်သီးပို့ကုန်အရည်အသွေးစံညွှန်းမြှင့်တင်ရေး (တရုတ်-မြန်မာ) အလုပ်ရုံဆွေးနွေးပွဲ သုံးသပ်ချက်တွေအရသိရပါတယ်။



ပြည်ပသရက်တင်ပို့တဲ့ဈေးကွက်မှာ အရည်အသွေးပိုင်းကို လက်မခံလို့မရတဲ့ အခြေအနေကို ရောက်နေပြီဖြစ်တယ်။ အရည်အသွေးသာမက သရက်အမျိုးအစားတစ်ခုချင်း (ဥပမာ စိန်တစ်လုံး၊ ဟသ်ာ) အလိုက် အရေအတွက် တင်ပို့မှု ကလည်း အရေးပါလာတဲ့ အနေအထားမှာ ရှိတယ်။ ၁၀ ခြင်း၊ ၁၅ ခြင်းနဲ့ တောင်သူတစ်ဦးချင်းက တင်ဆောင်ရောင်းခြင်းကလည်း ဈေးကွက်ကို ထိန်းချုပ်နိုင်မှု အားနည်းစေပါတယ်။ ဒါကြောင့်မို့ တစ်ဦးချင်းတင်ပို့မှုထက် တူရာစုပြီးအစုအဖွဲ့ပုံစံဖြင့် မာကာတစ်မျိုးတည်းဖြင့် အရေအတွက်များများကို အရည်အသွေးကောင်းအောင် ပြုလုပ်တင်ပို့သင့်တယ်လို့ ကျွမ်းကျင်သူအချို့က အကြံပြုထားပါတယ်။ အမျိုးအစားတူ သရက်သီး ကို အရေအတွက်များများတင်ပိုနိုင်ဖို့ဆိုရင် သရက်စိုက်ပျိုးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ သွင်းအားစုတွေကို တိုင်းဒေသကြီးပြည်နယ်တွေအလိုက် နီးစပ်ရာအစုအဖွဲ့တွေ ဖွဲ့စည်းကာ စုပေါင်းအမျိုးအစားတူ ဝယ်ယူအသုံးပြုခြင်းက အကောင်းဆုံးဖြစ်တယ်လို့ ကျွမ်းကျင်သူအချို့က သုံးသပ်ပါတယ်။

Source: HTTPS://WWW.KUMUDRANEWS.COM/NEWS-32205

## ငါးပုစွန် အအေးခန်းစက်ရုံများကို လာမည့်မတ်လတွင် ဆော်ဒီ FDA အဖွဲ့လာစစ်ဆေးမည်

ဆော်ဒီနိုင်ငံသို့ ငါးပုစွန်တင်ပို့နေသည့် ပြည်တွင်းရှိ အအေးခန်းစက်ရုံများကို လာမည့်မတ်လတွင် ဆော်ဒီ FDA အဖွဲ့ လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဂင်းကြိုင်ကပြောသည်။




၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က ဆော်ဒီနိုင်ငံသို့ မြန်မာ့ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သွားရောက် ဆွေးနွေးခဲ့ပြီးနောက်ပိုင်း ယခုလိုလာရောက် စစ်ဆေးရန် သဘောတူညီမှုရရှိခဲ့သဖြင့် လာရောက်စစ်ဆေးခြင်းဖြစ်ကြောင်း ဦးဂင်းကြိုင်ကဆိုသည်။ စက်ရုံတွေ အဓိကစစ်မယ်၊ မွေးမြူရေးကန်တွေလည်း လာကြည့်မယ်၊ မတ်လအကုန်လောက်ကို လာစစ်နိုင်ဖို့အတွက် ပြင်ဆင်နေကြောင်း ဦးဂင်းကြိုင်ကပြောသည်။

ဆော်ဒီနိုင်ငံမှ ငါးလုပ်ငန်းဆိုင်ရာစစ်ဆေးရေးအဖွဲ့သည် ဆော်ဒီနိုင်ငံသို့ ငါး၊ ပုစွန်တင်ပို့နေသည့် ဗီယက်နမ်နိုင်ငံရှိ စက်ရုံ ၂၄ ရုံကို သွားရောက်စစ်ဆေးခဲ့ရာ သန့်ရှင်းမှုနှင့်ကိုက်ညီသည့် စက်ရုံ ၉ ရုံသာရှိသည့်အတွက် ငါးတင်သွင်းနေသည့် နိုင်ငံများဖြစ်သည့် မြန်မာ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ငါး၊ ပုစွန်တင်သွင်းခြင်းကို ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင်ရပ်ဆိုင်းလိုက်သည်။

ထိုသို့ တင်ပို့ခွင့်ရပ်ဆိုင်းလိုက်ခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့က ဆော်ဒီနိုင်ငံသွားရောက်ကာ ငါးလုပ်ငန်းဆိုင်ရာ စစ်ဆေးရေးအဖွဲ့နှင့် သွားရောက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဆော်ဒီနိုင်ငံသို့ ငါးမြစ်ချင်း ငါးအမျိုးအစားကို အများဆုံးတင်ပို့နေပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၄၀ ဝန်းကျင် တင်ပို့ထားလျက်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

Source: http://betvmyanmar.com/my/news/%E1%80%84%E1%80%AB%E1%80%B8%E1%81

## မူဆယ် ဖရဲ၊ သခွားဈေးကွက် တရုတ်နှစ်ကူးကာလ အဝင်နည်းပြီး ဈေးကောင်းရ

တရုတ် - မြန်မာနယ်စပ် မူဆယ်သစ်သီးဂိုလ်ဈေးကွက်တွင် တရုတ်နှစ်သစ်ကူးကာလ၌ ဖရဲ၊ သခွားများ ဈေးကောင်း ရနေကြောင်း မူဆယ်သစ်သီးဂိုလ်အသင်းမှသိရသည်။ ဇန်နဝါရီလကုန်ပိုင်းတွင် ဖရဲသီး 855 တစ်တန်လျှင် (၁၃၀၀ မှ ၁၆၀၀) ယွမ်ရှိနေခဲ့ပြီး၊ ယနေ့ ဖေဖော်ဝါရီ (၄) ရက်နေ့ တရုတ်ရိုးရာနှစ်သစ်ကူးအကြိုနေ့တွင် ဖရဲသီး 855 တစ်တန်လျှင် (၁၃၀၀ - ၁၈၀၀) ယွမ်ခန့် ပေါက်ဈေးရှိနေကြောင်းတွေ့ရသည်။ ရောင်းချတဲ့အနေအထားလေးက အဓိကက ဒီရက်ပိုင်းမှာ နဂိုကတည်းက နှစ်သစ်ကူးတွေရှောင်တော့ အသီးတွေအစီးရေ အဝင်နည်းတယ်။ အဝင်နည်းတော့ ဈေးကတော့

ကောင်းတယ်။ ခါတိုင်းဈေးထက် နည်းနည်းပိုတာပေါ့ပါဟု မူဆယ်သစ်သီး ဂလံအသင်း၏ ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဘိုကပြောသည်။ တရုတ်ရိုးရာ နှစ်သစ်ကူးပိတ်ရက်အနေဖြင့် ဖေဖော်ဝါရီ (၅) ရက်နှင့် (၆) ရက်နေ့များတွင် တရုတ်ဘက်မှဈေးကွက်ပိတ်မည်ဖြစ်သောကြောင်း မူဆယ်ဈေးကွက်တွင်လည်း အရောင်းအဝယ်ရှိမည်မဟုတ်ကြောင်းသိရသည်။ ဂျပ်ဖာ ဖရဲသီးတင်ကား (၉၅) စီး၊ ဖရဲသီး 855 တင်ကား (၂၂) စီး၊ သခွားသီးတင်ကား (၅) စီးတို့ တရုတ်နိုင်ငံသို့တင်ပို့နေကြောင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရှိ ခွာညိုသစ်သီးပွဲရုံ၏ စာရင်းများအရသိရသည်။ ယခင်က မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ တစ်နေ့လျှင် သစ်သီးတင်ကား (၂၀၀) ခန့် တင်ပို့လျက်ရှိသည်။ ထို့အပြင် တရုတ်နှစ်သစ်ကူး (၂) ရက်ပိတ်ပြီးချိန်တွင် ဈေးကွက်အနေဖြင့် လက်ရှိပေါက်ဈေးဖြင့်သာရှိနေနိုင်ပြီး ရက်ပိုင်းအတွင်း ဈေးပြန်တက်လာနိုင်ကြောင်း ခွာညိုသစ်သီးပွဲရုံမှ သုံးသပ်ထားသည်။

Source: http://betvmyanmar.com/my/news/%E1%80%99%E1%80%B0%E1%80%86%E1%80%9A%

## STOCK EXCHANGE (6.2.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 9,000 | 9,000 | 9,000 | 478 | 4,302,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 3,829 | 11,104,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 4 | 28,800 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 40 | 880,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 8,090 | 22,652,000 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.16 | +3.41 | +0.90% | 381.16 | 381.16 | 381.16 | 12,441 | 38,966,900 | 5 | 520,378 |


**Index chart**



# Market Overview

As of 12:00 pm, 6th Feb. 2019

| MYANPIX | 381.16 ▲ 3.41 |
|---|---|
| Total Volume (shares) | 9,303 |
| Total Value (MMK) | 27 mil |
| Listed Company | 5 |
| Market Cap. (MMK) | 520,378 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR